မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F___ Volume 7/Issue 9 / September / 2014*




## ဘယ်သောအခါမှ မစွန့်ပစ်သောမေတ္တာ

သင့်တယောက်တည်းသာ စွန့်ပစ်၍မထား၊
ကတိတော်ရှိသည်ကား၊ ငါသည်စွန့်ပစ်၍မထား။

သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ချစ်တတ်သောသူများ ဖြစ်ရန် လိုကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ကောင်းမွန်သော ဆက်ဆံရေးအတွက် မေတ္တာ(အချစ်)သည် အဓိက အရေးပါသည်။ ဘုရားသခင် ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်ရမည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည်။ မိမိ၏ ရန်သူကိုချစ် ရမည်။ သို့သော် အချစ်မခံရလျှင် အခြားသူကို ချစ်ရန်မှာ ခက်ခဲလှသည်။ စွန့်ပစ်ခံရသောကလေးများ၊ ကြင်ဖက်၏လျစ်လျူရှုစွန့်ပစ်ခံရသူများ၊ သားသမီးများ၏ ပစ်ပယ်မှုခံရသည့် မိဘများ စသည့် လူများမှာ မေတ္တာကင်းမဲ့သော ဘဝသည် မည်မျှနာကျင် ခံစားရကြောင်းကို ကောင်းကောင်း သိကြသည်။ ထို့ကြောင့် အချစ်ခံလို သူများအား ဘုရားသခင် ကျွန်ုပ်တို့ကို အလွန်အမင်းချစ်ကြောင်းသိရ၍ ခံစားရသည့် ဝမ်းမြောက်မှုနှင့် သင့်ကိုချစ်မြတ်နိုးကြောင်း နားလည်သဘောပေါက်ပါက ဘုရားသခင် အလိုရှိသည့် ချစ်တတ်သူတစ်ယောက်ဖြစ်ရန် ပို၍လွယ်လာပြီး၊ သင့်ကို မချစ်သူများကိုပင် သင်ချစ်နိုင် ပေလိမ့်မည်။ ကျွန်ုပ်တို့ အပေါ်ထားသော ဘုရားသခင်၏မေတ္တာကို နားလည်သဘောပေါက်ခြင်းက အခြားသူများကို ချစ်နိုင်သည့် သော့ချက်ဖြစ်သည်။

ချစ်သူတို့ ...၊ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက် ချစ်တော်မူသည် မှန်လျှင် ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်။ ၁ ယော ၄ း ၁၁

# 2014, September Events




***Holy Communion Sunday***

*09/ 07/ 2014*

~~~~~~~~~~~~~~

***B.C.F. Official Board Meeting***

*09/ 14/ 2014*

~~~~~~~~~~~~~~

***Grandparent's Day Sunday***

*09/ 21/ 2014*

~~~~~~~~~~~~~~

***Worship through Music & Prayer Sunday***

*09/ 28/ 2014*

~~~~~~~~~~~~~~

***Every Service on Sunday 2:00PM***
***At***
***St. Luke's Episcopal Church.***
***122 S. California Ave.***
***Monrovia, CA 91016***

# God Gives You

~~ Author Unknown ~~

Enough Happiness ... to keep you sweet

Enough Trials ... to keep you strong

Enough Sorrows ... to keep you human

Enough Hope ... to keep you happy

Enough Failure ... to keep you humble

Enough success ... to keep you eager

Enough Friends ... to give you comfort

Enough Wealth ... to meet your needs

Enough Enthusiasm ... to look forward

Enough Faith ... to banish depression

Enough Determination ... to make each day
a better day than yesterday.





## Interesting Facts about September:

September is the 9th month of the year and marks the beginning of autumn in the Northern hemisphere and the start of spring in the Southern hemisphere. In the northern hemisphere, the Autumn Equinox occurs and fall begins. This takes place on September 22nd or 23rd, depending on the year.

The name September comes from the Latin septem for seven, since this was the seventh month of the Roman calendar. The month was named during a time when the calendar year began with March, which is why its name no longer corresponds with its placement in the Julian and Gregorian calendars. September starts on the same day of the week as December each year, but does not end on the same day of the week as any other month in the year.

September is one of the warmest months in the Southern United States. Northern states have warm September days, but the nights get much cooler. It is also harvest time for crops. And, in Switzerland, it's called Harvest Month Five Jewish holidays are celebrated in September or early October. They are Rosh Ha-Shanah, or New Year; Tzom Gedaliah, a fast day; Yom Kippur, the Day of Atonement; Sukkot, the Feast of Tabernacles; and Simhat Torah, a day of rejoicing.

September has three birth flowers: the forget-me-not, the morning glory and the aster. Forget-me-nots represent love and memories, asters represent love as well, and the morning glory represents unrequited love. These are all very passionate flowers.

The birth stone for the month is the sapphire. The sapphire represents clarity of thought, intuition, and peacefulness. In traditional medicine it is used to treat fevers and reduce inflammation. Sapphire reduces anxiety and procrastination and gives the wearer luck.

- Labor Day is the most well known holiday in September.
  It is observed every year on the first Monday in September.

- Grandparent's Day is observed in the United States on the first Sunday after Labor Day.

**သက်သေခံချက်၊–**

# အသုံးပြုရန် ရွေးကောက်ခံရ သူတစ်ဦး



ကျွန်တော် ရစ်ချတ် (Richard) ပါ။ ဘုရင်ဂျီ ဘာသာဝင် (Roman Catholic) တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်ငယ်ရွယ်စဉ် ကတည်းက ကျွန်တော့်ရဲ့ မိဘနှစ်ယောက်လုံးဟာ ကျွန်တော်ကြီးပြင်းလို့ အရွယ်ရောက်ချိန်မှာ ဘုရင်ဂျီဘုရားရှိခိုးကျောင်းမှာ ဘုန်းတော်ကြီးအဖြစ် ဆက်ကပ် အမှုတော်ထမ်းဖို့ စိတ်ဆုံးဖြတ်ထားခဲ့ကြပါတယ်။

၁၉၈၁ ခုနှစ်မှာ ကျွန်တော်၏ဖခင်ဟာ အဆုပ်ရောဂါ ဝေဒနာ ခံစားရပြီး၊ အိပ်ယာက မထနိုင်တော့ပါ။ မဖွံ့ဖြိုးတဲ့ ပြည်နယ်ဒေသဖြစ်လို့ ဆေးဝါးက မပြည့်စုံ လေတော့ ဆရာဝန်က ရောဂါအခြေအနေ ကျွမ်းနေပြီ ကုလို့မရနိုင်တော့ဘူး ဆိုတာကို သိလိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ တစ်မိသားစုလုံးဟာ အားကိုးစရာ ဖခင်ကြီး ပြန်လည်ကျန်းမာဖို့ ဘုရားသခင်ထံ မယ်တော်မေရီ မှတဆင့် ဆုတောင်းခံကြပါတယ်။ အိမ်ထောင်မှာလည်း စားဝတ်နေရေး ကျပ်တည်းလာပါတယ်။ ကျွန်တော့်မိခင် ခမြာ လူနာက တစ်ဘက် သားသမီးက တစ်ဘက်နဲ့ ပြာများနေရပါတယ်။

ဒီအချိန် အတောအတွင်းမှာပဲ ကျွန်တော်တို့ မြို့ငယ်လေးမှာ လေဟာပြင် ဧဝံဂေလိတရားပွဲ ပြုလုပ်မဲ့ သတင်းကို ကြားရပါတယ်။ ကျွန်တော်မိခင်ဟာ အဲဒီ တရားပွဲကို သွားတော့ ဘုရားသခင်ထံမှ ဂတိတော်စကားကို သူမ ရရှိခံစားရတယ်။ သူမရဲ့ခင်ပွန်းသည် အတွက်လည်း ဆုတောင်းချက် တင်ပြတောင်းခံတဲ့အခါမှာ မိခင်ဟာ ဘုရားရဲ့ဂတိတော်ကို သိရှိထားသူဖြစ်လို့ ယုံကြည်စိတ်ချမှု ရှိနေတယ်။

ခြည်နှောင်ခြင်းနှင့်ဝမ်းနည်းခြင်းထဲက လွတ်မြောက်စေသောဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းဟာ ကျွန်တော့်ဖခင်ကို ပြန်လည်ကျန်းမာစေပါတယ်။ အိမ်ထောင်မှာလည်း ပုံမှန်အနေထား ပြန်ဖြစ်လာတယ်။ ထူးခြားလာကတော့ ဘုရားရှင် အုပ်စိုးသောအိမ်ထောင် ခရစ်တော်ကျိန်းဝပ်သော နှလုံးသားတွေ ရလာပါတယ်။ အခုတော့ ကျွန်တော်တို့ တစ်မိသားစုလုံးဟာ သာမန် ဘုရင်ဂျီဘာသာဝင် အသင်းသားအဖြစ်က စစ်မှန်သော ဘုရားနှင့် နှုတ်တော်ထွက် ဂတိတော်များ ခံစားရတဲ့ ရွေးကောက်ခြင်းခံရသူတွေ ဖြစ်နေပါပြီ။

သို့သော်လည်း ဘုရားသခင်ထံမှ အံ့သြဘွယ် နိမိတ်လက္ခဏာတွေ လက်တွေ့ခံစား နေရပေမဲ့၊ မိဘနှစ်ပါးရဲ့စိတ်ဆန္ဒကို ဖြည့်ဆီးဖို့နဲ့ ဘုရားအမှုတော်ထမ်းဖို့ ကျွန်တော် စိတ်ဆန္ဒ လုံးဝ မရှိသေးပါဘူး။

၁၉၈၆ ခုနှစ်မှာ၊ ကျွန်တော်တစ်ယောက်တည်း မြစ်ကမ်းနံဘေးမှာ ရေချိုးနေစဉ်၊ မထင်မှတ်ပဲ ရုတ်တရက် တစုံတခုက ဆွဲသွားသလို ခံစားရပြီး၊ ရေနက်ပိုင်းထဲ နစ်မြုပ်သွားချိန်မှာ ကျွန်တော့်နှလုံးသားထဲက အသံကုန်အော်ဟစ်ကာ "အို–ဘုရားရှင်၊ ကယ်တော်မူပါ။ အခု ရေနစ်လို့သေရင် ကျွန်တော် ငရဲကို သွားရပါတော့မယ်။ ကျွန်တော် မသေချင်သေးပါ။ ကျွန်တော်ရဲ့ကျန်ရှိတဲ့ အသက်တာတစ်လျှောက်လုံးမှာ ဘုရားအမှုတော်ကို ထမ်းပါ့မယ်" ပြောနေခိုက်၊ ရုတ်တရက်ချက်ခြင်း ကျွန်တော်ကို လက်ကြီးတစ်ဘက်က မလွတ်တမ်းကိုင်ဆွဲကာ ရေနက်ထဲက ဆွဲတင်ပြီး၊ အသက်ချမ်းသာရခဲ့ပါတယ်။ ကျွန်တော် ရေပေါ်ရောက်လာတော့ ဝဲယာလှမ်းကြည့်တာ ဘယ်သူ့ကိုမှ မတွေ့ရဘဲ၊ ကျွန်တော် တစ်ယောက်တည်း။ တန်ခိုးကြီးသောဘုရားရှင် ကယ်ဆယ်တာကို သိလိုက်တဲ့အခိုက်မှာ ဘုရားအမှုတော်ထမ်းဘို့ ဆက်ကပ်ဆုံးဖြတ်ချက်ချလိုက်ပါပြီ။

ဖလအကြာ တစ်ညဥ့်သန်းကောင်ယံမှာ လျှပ်စစ်မီးကလည်းမလာ။ အိမ်အောက် ကြက်ခြံက ကြက်တွေ ရုတ်တရက် ကျယ်လောင်စွာ လန့်အော်သံ ကြားတာနဲ့ ပြေးဆင်းသွားတော့၊ အမှောင်ထဲမှာ ဘာကိုမှမမြင်ရ။ အကောင်တစ်ကောင်က ကြက်ကိုကိုက်ဆွဲသံ တရှပ်ရှပ် ကြားရတော့၊ လက်နဲ့လှမ်းဆွဲဘို့အလုပ်မှာ "ရစ်ချတ် (Richard) မလုပ်နဲ့၊ အဆိပ်ပြင်းတဲ့ မြွေဟောက် (Cobra) ရှိတယ်" လို့၊ ဘုရားသခင်ထံမှ စကားသံကို ရုတ်တရက် ကြားရတယ်။ ဒါနဲ့ချက်ခြင်း လက်နှိပ်မီး (Torchlight) ကို မြန်မြန်ပြေးယူပြီး ထိုးကြည့်တဲ့အခါ၊ မြွေဟောက်နဲ့ကြက်ကို တွေ့ရတယ်။ ကျန်တဲ့ကြက်တွေလန့်ပြီး အော်နေဆဲပါဘဲ။

ဘုရားသခင် ကျွန်တော့်ကို ဒုတိယအကြိမ် အံ့သြဘွယ် အသက်ဘေးမှ ကယ်တင်ခဲ့ပြန်တယ်။

နောက်ပိုင်းမှာ၊ နေ့စဉ် ကျွန်တော် ဘုရားသခင်နဲ့ အချိန်ယူ ဆုတောင်း မိဿဟာယဖွဲ့ခဲ့တယ်။ တချိန်မှာ ဘုရားသခင် ကျွန်တော့်ကို စကားပြောမေးပါတယ်။ "ရစ်ချတ် (Richard) မင်းက ငါ့ရဲ့နိုင်ငံတော်သာသနာမှာ မလုပ်ဘူးဆိုရင်၊ မင်းရဲ့မိသားစုထဲက ဘယ်သူလုပ်မှာလဲ"။ ဒါနဲ့ ကျွန်တော်လည်း လောကီအလုပ်ကို ရပ်နားပြီး၊ ကျမ်းစာကျောင်း ဆက်တက်ကာ ဓမ္မပညာဘွဲ့ (B.TH) ရယူခဲ့ပါတယ်။ အံ့သြဘွယ် ဘုရားသခင်က ကျွန်တော့်ကို Assemblies of God သာသနာ့ဝန်ထမ်းများနဲ့အတူ ကျွန်တော်တို့ရဲ့ လူမျိုးတိုင်းရင်းသား အများစု ကယ်တင်ခြင်းရဘို့ အသုံးပြုပါတယ်။

၁၉၉၃ ခုနှစ်မှာ ဘုရားသခင်က ကျွန်တော့်ကိုဧဝံဂေလိဟောပြောပွဲ (Campus Crusade for Christ) တွေမှာသုံးပါတယ်။ ထို့ပြင် အိမ်ပြေးလူငယ်များ၊ သက်ကြွယ်များ၊ ဆေးရုံလူနာများ၊ ကျန်းမာရေးချို့တဲ့သူများ၊ မိဘမဲ့ဂေဟာ (Orphanage) ကို ပြုစုစောင့်ရှောက် ခွင့်ရပါတယ်။ အဝေးသာသနာ (Outreach Ministry) ကိုလည်း တာဝန်ယူကာ ဘုရားနိုင်ငံတော်သာသနာမှာ ဆက်ကပ်တာဝန်ထမ်းလျက် ရှိပါသည်။ ။

**သက်သေခံသူ=ဆရာရစ်ချတ်**

**လူအပေါင်းတို့ သည်ဒုစရိုက်ကိုပြု၍ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။ ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အတိုးကိုမပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။**




လူငယ်လေးတစ်ဦးသည် ယာခင်းတစ်ခုသို့ အလုပ်သွားလျှောက်သည်။ ထိုအခါ ယာခင်းပိုင်ရှင်က လူငယ်၏အရည်အချင်းကို စမ်းသပ်လို၍ မေခွန်းတစ်ခုမေးလိုက်ရာတွင်၊ လူငယ်က “မုန်တိုင်းတိုက်ခတ်နေစဉ်လည်း ငါအိပ်ပျော်နိုင်ပါတယ်” ဟုဖြေလိုက်သည်။

သူ၏အဖြေကို နားလည်ရန် ရှုပ်ထွေးခက်ခဲနေသော်လည်း … ယာခင်းပိုင်ရှင်လယ်သမားသည်က လူငယ်လေးကို ကြိုက်နှစ်သက်၍ အလုပ်ခန့်လိုက်၏။

ရက်သတ္တပါတ် အနည်းငယ်ကြာသောအခါ၊ တစ်ညဉ့်တွင် လယ်သမားကြီးနှင့် သူ၏ ဇနီးက ကွင်းပြင်တစ်လျှောက်ကို ဖြတ်ကျော်၍ တိုက်ခတ်လာသော ကြောက်မက်ဖွယ်ရာ လေပြင်းမုန်တိုင်းကြောင့် လန့်နိုးလာကြသည်။ လယ်သမားကြီးသည် အိပ်ယာမှ အမြန်ထ၍ သူအလုပ်ခန့်ထားသော အသစ်စက်စက်လူငယ်လေးကို လှမ်းခေါ်လိုက်ရာ၊ လူငယ်ခမြာမှာ နှစ်ခြိုက်စွာအိပ်မောကျနေ၏။

သို့ဖြစ်၍၊ လယ်သမားဇနီးမောင်နှံလည်း လေပြင်းမုန်တိုင်းဒဏ်မှ မိမိတို့ပိုင်ဆိုင်သော ပစ္စည်းများ လုံခြုံစိတ်ချရအောင် လျှင်မြန်စွာ စတင်စစ်ဆေးကြသည်။ ထိုအခါတွင် ယာတောရှိ အိမ်၏ အမိုးအကာများလည်း လုံခြုံစိတ်ချရအောင် တင်းကျပ်ခိုင်မြဲစွာ ချည်ထားသည်ကို သူတို့တွေ့ရ၏။ မီးလင်းဖို အနီးတွင်လည်း မီးထဲ့ရန်အတွက် လုံလောက်အောင် သစ်သားထင်းများကို စံနစ်တကျ အစီအရီ စီ၍ထား၏။

ထိုနောက် သူတို့နှစ်ဦး သူတို့၏ လယ်ယာပစ္စည်းတန်ဆာပလာများကို စစ်ဆေးရာတွင် ဂိုထောင်၏စင်များပေါ်တွင် နေရာတကျ ရှိနေပြီမို့ စိတ်ပူစရာ မလို။ ဂျုံများအတွက် စိတ်ပူပန်မိရာ ဂျုံများကို အလိပ်လိုက်စည်း၍၊ တာပေါ်လင်များဖြင့် လုံခြုံစွာ ပတ်ထားသည်ကို တွေ့ရပြန်သည်။ လယ်ထွန်စက်ကိုလည်း ကားဂိုထောင်ထဲသို့ ရွှေ့ထားပြီးပြီ။ စပါးကျီကိုလည်း ပုံမှန်ပင် သော့ခတ်ထားသည်။ လယ်ယာသုံးတိရိစ္ဆာန်များမှာလည်း အစာအပြည့်နှင့် ညိမ်နေကြသည်။

အားလုံးကောင်းပါပေ၏။ အားလုံးစိတ်ချရပြီ။

လယ်သမားသည် လူငယ်လေးပြောသော စကားကို နားလည် သဘောပေါက်သွားလေသည်။ “မုန်တိုင်းတိုက်ခတ်နေပေမဲ့လည်း ငါအိပ်နိုင်ပါတယ်”။

ဒါဟာဘာ့ကြောင့်လဲ?

သူငယ်သည် သူ၏လယ်ယာအလုပ်ကို သစ္စာရှိစွာနှင့်ယုံကြည်စိတ်ချစွာ လုပ်ကိုင်ဆောင်ရွက်သောကြောင့်တည်း။

မိုးတိမ်ကင်းစင်၍ကောင်းကင်ကြည်လင်နေသော်ငြားလည်း၊ ဘယ်လိုမုန်တိုင်းမျိုးဘဲလာပါလေစေ၊ လုံခြုံစိတ်ချရလေအောင် သူငယ်သည် အဆင်သင့် ပြင်ဆင်ထားပါ၏။ ထို့ကြောင့် ဘယ်လိုမုန်တိုင်းမျိုးကျရောက်၍ ဘယ်လိုလေပြင်းတိုက်ခတ်လာလည်း ပူပန်သောကနှင့် စိုးရိမ်၍ ကြောက်ရွံ့ရန် လုံးဝမလိုပါ။ ငြိမ်သက်အေးချမ်းစွာနှင့်နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါ၏။

ကျွန်ုပ်တို့၏ဘဝအသက်တာမှာ အခြေအနေ ယိမ်းယိုင်နေလည်း၊
ကျွန်ုပ်တို့ ယုံကြည်ချက်အတိုင်း ကျွန်ုပ်တို့၏အပြုအမူ နှင့် အကျင့်တို့ မှန်ကန်နေပါလျှင်၊
ကျွန်ုပ်တို့၏ဘဝမှာ မပြည့်စုံသေးသော အမှုကိစ္စများကို ရင်တလှုပ်လှုပ်နှင့် စိတ်ပူပန်နေစရာ မလိုပါ။

ကျွန်ုပ်တို့ပြောဆိုသောစကားများ အစဉ်ရိုးသားပြီး၊ ကျွန်ုပ်တို့သည် ‘ဒါမဖြစ်နိုင်ဘူး’ ‘ငါဖြစ်မှာမဟုတ်ဘူး’ ဆိုတဲ့ အပြုသဘောမဆောင်တဲ့ အရာများကြားမှာ အလူးအလိမ့် အပြင်းအထန် မရှိနေဘူးဆိုလျှင် ကျွန်ုပ်တို့ မုန်တိုင်းတိုက်ခတ်နေလည်း အေးဆေးပါဘဲ။ ❑❑

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## သမားတော်ကြီးသခင်ခရစ်တော်၏ဆေးကုထုံး

ကျန်းမာသောသူတို့သည်ဆေးသမားကိုအလိုမရှိ၊
နာသောသူတို့သာလျှင်အလိုရှိကြ၏။ (လု။၅း၃၁)



ကျွန်တော်သည်ဆေးစစ်ကုသခြင်းကိုခံယူရန်အတွက်သမားတော်ကြီးသခင်ခရစ်တော်၏ဆေးခန်းသို့ရောက်သွားပါသည်။ဆေးခန်း၌ထိုင်စောင့်နေစဉ်၊ကျွန်တော်၏နာမည်ခေါ်သံကြား၍လှည့်ကြည့်လိုက်ရာ၊ကျွန်တော့်အားဆေးစစ်ရန်အတွက်ခေါ်နေပြီဖြစ်ကြောင်းကိုသိရပါသည်။ ထိုစဉ်၊ –
ကိုယ်အပူချိန်(Body temperature)ကိုတိုင်းကြည့်သောအခါ၊–
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

ကျွန်တော်၏သောကပူပန်မှုများကြောင့်ကိုယ်အပူရှိန်တက်နေသည်ကိုတွေ့ရသည်။

သွေးဖိအား(Blood pressure) ကိုတိုင်းကြည့်သောအခါ။–

ကျွန်တော်၏မာန်မာနနှင့်ဘဝင်မြင့်မှုတို့ဖိစီးနေခြင်းကြောင့်သွေးဖိအားများနေပါသည်။

နှလုံးခုန်နှုန်း(Heart beat) ကိုစစ်ကြည့်သောအခါ၊–

ကျွန်တော်၏နှလုံးသွေးကြောများသည်လောဘ၊ဒေါသ၊မောဟများနှင့်ပိတ်ဆို့နေသဖြင့်နှလုံးခုန်နှုန်းမှာပုံမှန်မဟုတ်ကြောင်းကိုတွေ့ရသည်။

အရိုးစစ်ဆေးခြင်း(Bone test)ကိုပြုလုပ်သောအခါ၊–

ကျွန်တော်၏မနာလိုမုန်းတီးမှုများလွန်ကဲနေခြင်းကြောင့်ရိုးတွင်းချင်ဆီလျော့နည်းကာ၊အင်အားချိနဲ့နေကြောင်းသိရသည်။

မျက်စိကိုစစ်ဆေး(Eye test)ကြည့်သောအခါ၊–

ကျွန်တော်၏အမြင်ကျဉ်းမှုကြောင့်သူတစ်ပါးအပေါ်၌အမြင်မကြည်နိုင်ကြောင်းကိုသိရ၏။

နားကိုစစ်( Ear test) လိုက်သောအခါ။–

အလွန်ကျယ်လောင်၍အစဉ်ဆူညံနေသောလောက၏ဆွဲဆောင်မှုဝန်းကျင်မှရုန်းမထွက်နိုင်ခြင်းကြောင့် နားပင်းလုနီးပါးဖြစ်ကာ၊ တိုးညင်သာစွာခေါ်နေသောဘုရားရှင်၏ အသံတော်ကိုမကြားနိုင်ကြောင်းသိလိုက်ရပါသည်။

ဤကဲ့သို့ အဘက်ဘက်မှ ကျန်းမာရေး ချို့တဲ့နေသော ကျွန်တော်သည် ချစ်သောညီအစ်ကိုမောင်နှမများနှင့် အတူလက်တွဲလုပ်ဆောင်ရန်နှင့် အားနည်းသောညီအစ်ကိုမောင်နှမတို့အား ဖေးမကာအကူအညီပေးရန် မဖြစ်နိုင်သည့်အကြောင်းကို သမားတော်ကြီးဖြစ်သူသခင်ခရစ်တော်ထံသို့ ညည်းတွားမြည်တမ်း၍ လျှောက်တင်သောအခါ၊ လူများခံရသောအနာရောဂါ အမျိုးမျိုးတို့ကို ငြိမ်းစေသော ဂုဏ်ရှင်သမားတော်ကြီးက အလွန်အစွမ်းထက်သည့် ကုထုံးဖြင့် ဆေးစွမ်းကောင်း တစ်ခွက်ကို ပေးလိုက်၏။

ထိုဆေးအညွှန်း(Recepies)မှာအောက်တွင်ဖေါ်ပါအတိုင်းဖြစ်သည်။

♦ နေ့စဉ်နံနက်တိုင်း၊ ဆိတ်ငြိမ်သောအရပ်တွင် ဆုတောင်းခြင်းဆေးလုံးကို မှန်မှန်မှီဝဲရန်၊–

♦ နေ့စဉ်မပြတ်၊ သမ္မာကျမ်းစာဖတ်ခြင်းတည်းဟူသောဆေးရည်ကို မှန်မှန်သောက်သုံးရန်၊–

♦ ညစဉ်အိပ်ယာမဝင်မီ၊ ကျေးဇူးတော်ချီးမွမ်းခြင်းလေ့ကျင့်ခန်းကို မပျက်မကွက်ပြုလုပ်ရန်၊–

♦ ဘုရားရှင်နှင့်မိဿဟာယဖွဲ့ခြင်းဖြစ်သည့် ကိုယ်လက်လှုပ်ရှားမှုကို လည်းမှန်မှန်လုပ်ရန်၊–

ထို့အပြင်၊–

♦ တစ်ပတ်တစ်ကြိမ်၊ တနင်္ဂနွေနေ့တိုင်းတွင် ဘုရားရှိခိုးကျောင်းသို့သွား၍၊ ဝိညာဉ်ခွန်အားဖြည့်စေသည့်ဆေး ပြန်လည်သွင်းပေးရန်၊–တို့ဖြစ်ပါသည်။

ထိုဆေးများညွှန်းပေးပြီးနောက်၊–သမားတော်ကြီးယေရှုက၊

“သင်သည် ထိုဆေးညွှန်းအတိုင်းအတိအကျလိုက်နာပြုလုပ်မှသာလျှင်၊ သင်၏သောကမီးတောက်လောင်နေသော ကိုယ်အပူချိန်ပုံမှန်ဖြစ်လာမည်။– မာန်မာနနှင့် ကိုယ့်ကိုယ်ကို အထင်ကြီးမှုကြောင့် မြင့်တက်နေသောသွေးဖိအားပြန်ကျကာ၊ပုံမှန်ဖြစ်လာမည်။လောဘ၊ဒေါသ၊မောဟများနှင့် ပိတ်ဆို့နေသောသွေးကြောများပွင့်၍ ဝိညာဉ်၊ ကာယ၊ ဉာဏ၊ မိတ္တတို့ လွယ်ကူစွာ စီးဝင်လာနိုင်မည်။– သင်၏အရိုးများ သန်မာပြီး၊ အားနည်းသူများကို ပြန်လည်ကာ ဖေးမကူညီနိုင်မည်။–သူတစ်ပါး၏ မပြည့်စုံမှုကို ခွင့်လွှတ်နိုင်သည်အထိ မျက်စိ ကြည်လင်လာမည်။–သင့်အားတိုးညင်စွာ ခေါ်နေသောဘုရားရှင်၏ အသံတော်ကို လည်းကြားနိုင်လာလိမ့်မည်”ဟုပြောပါသည်။

ကျွန်တော်သည်ထိုဆေးနည်းကိုသောက်သုံးမှီဝဲလာခဲ့သည်မှာ၊အချိန်ကြာလာသည်နှင့်အမျှ ရောဂါဟောင်းများပျောက်ကင်းပြီး၊ဗလငါးတန်ဖွံ့ဖြိုးကာ၊ကိုယ်၏ကျန်းမာခြင်း၊စိတ်၏ရွှင်လန်းနှင့်ပြည့်စုံ၍၊ ဘုရားရှင်အတွက်၊အများအကျိုးအတွက်အစေခံနိုင်ပါပြီ။

ထိုဆေးမှာ–“ရွှေလင်းတ၏အတောင်ကဲ့သို့ပြန်လည်ခွန်အားပြည့်စေမည်”ဆိုသော ဆေးစွမ်းကောင်းဖြစ်ပါကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။ ။

John Ma (B.C.F)

~~~~~~~~~~~~~~~~~~~~~~~~~~

# မနက်ဖြန်နေ့ဆိုတာ ရှိအုံးမှာလား!

မိုးကောင်းကင်သည်မီးနှင့်ပျက်၍လောကဓာတ်သည်ပူအားကြီးလျက်၊အရည်ကျိုခြင်းကိုခံရသောနေ့တည်းဟူသောဘုရားသခင်၏နေ့ရက်ရောက်လိမ့်မည်ဟုသင်တို့သည်မျှော်လင့်တောင့်တလျက်။သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊အဘယ်သို့သောသူဖြစ်အပ်ကြသနည်း၊ ယခုရှိသမျှသောသူတို့သည် ပျက်စီးရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုးကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါတို့သည်ဂတိတော်နှင့်အညီ မျှော်လင့်ကြ၏။ (၂ပေ။ ၃း၁၁–၁၃)

အနုမြူသိပ္ပံပညာရှင်များ သိတင်းလွှာတွင် လောကကို နောက်ဆုံး တရားစီရင်မည့်နေ့နှင့်ပတ်သက်သောရုပ်ပုံကို စာစောင်မျက်နှာဖုံးမှာ နှစ်ပေါင်းများစွာဖေါ်ပြထားပါသည်။ ထိုပုံသည် နာရီပေါ်ရှိ လက်တံကို ညဥ့်သန်းခေါင်ယံ ရောက်ဘို့ရန် မိနစ်အနည်းငယ် အလိုတွင်ပြထား၏။ ဆိုလိုသည့်အဓိပ္ပါယ်မှာနာရီလက်တံသည် ညဥ့်(၁၂)နာရီသို့ရောက်လျှင်၊ လောကကြီးပျက်စီးပြီး၊ လူသားတို့၏ဆုံးခန်းရောက်ပြီ။ ဒါကြောင့် နက်ဖြန်နေ့ ဆိုတာ ရှိအုံးမှာလား?။

ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသည်လည်း သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်လည်ကြွလာတော်မူမည့်အခါမှာ ဤကမ္ဘာလောကကြီး အဆုံးသတ်မည်ဟု ယုံကည်ကြသည်။ (၂ပေ။၃)ကိုဖတ်ကြည့်လျှင် ယခုခေတ်နှင့်ယှဉ်တွဲနေသည်ကိုတွေ့နိုင်ပါသည်။ ရှင်ပေတရုဩဝါဒစာတွင်ဖြေထားသည်မှာ သခင်ခရစ်တော် ဒုတိယအကြိမ်ပြန်လည်ကြွလာတော်မူမည့်အခါမှာ မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်အတူ ပျောက်ကွယ်သွားမည်။ ကမ္ဘာမြေကြီးသည်လည်း လောင်
~~~~~~~~~~~~~~~~~~~~~~~~~~

ကျွမ်း၍ ပျောက်ကွယ်သွားမည်။ နောဧ၏ လက်ထက်တွင် ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးခံရသလို၊ ဒီခေတ်မှာလည်း မီးလောင်ကျွမ်းခြင်းဖြင့် ဖျက်ဆီးခံရမည်။ ထိုနောက်မှာ ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုးကောင်းကင်သစ် နှင့် မြေကြီးသစ် ပေါ်လာမည်ဟုဖေါ်ပြထားသည်။

လက်ရှိကမ္ဘာကြီးသည် ထာဝစဉ်တည်မှာ မဟုတ်သည့်အတွက် ရှင်ပေတရုက "ဤအရာအားလုံးသည် ဤသို့ပျက်စီးသွားရမည်ဆိုပါမူ၊ သင်တို့သည် အဘယ်ကဲ့သို့သော သူများဖြစ်သင့်ကြသနည်း"ဟုမေးခွန်းထုတ်ထားပါသည်။ နက်ဖြန်နေ့ ဆိုတာ ရှိအုံးမှာလား?။ ဟု ... မေးလျှင် ကျွန်ုပ်တို့ ကြိုတင်၍ ပြင်ဆင်ထားခြင်းရှိရပါမည်။

၁။သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်လည်ကြွလာတော်မူမည်ကို မျှော်လင့်ရမည်။

(က) သခင်ခရစ်တော် မကြာမီ ပြန်လည်ကြွလာတော်မူမည်ဟု ယုံကြည်သည်ကို အချို့က ပျက်ရယ်ပြုကြ၏။ ထိုအချိန်မှာ လူများသည် ပြောင်းလဲမှုမတွေ့ရသဖြင့်ပျက်ရယ်ပြုခြင်းဖြစ်ပါသည်။ သခင်ခရစ်တော် ပြန်လည် ကြွလာတော်မူ၍ ကမ္ဘာကြီး အဆုံးသတ်မည်ဆိုသည့် အထောက်အထားမရှိဟု ပြောကြသည်။

(ခ)သမိုင်းကြောင်းအရ– နောအေချိန်မှာကတည်းကပင် ကမ္ဘာကြီးရေလွှမ်းမိုးမည့်အရိပ်အရောင် အထောက်အထားမရှိလို့ နောကေိုပျက်ရယ်ပြုကြပါသည်။ သို့သော်လည်းနှစ်ပေါင်းတစ်ရာပြည့်သော် ကမ္ဘာကြီးကိုရေလွှမ်းမိုးခဲ့သည် မဟုတ်ပါလား။

၂။ ကျွန်ုပ်တို့သည် ကမ္ဘာနှစ်ခု၏ နိုင်ငံသားများ ဖြစ်ကြ၏။

ခရစ်ယာန်တို့သည် ဤလောကတစ်ခုတည်း၏နိုင်ငံသားများမဟုတ်ပါ။ ဘုရားသခင်ကို ယုံကြည်သည့်အတွက် ဤလောကကြီး ပျက်စီးသွားသည့်တိုင်၊ ထာဝစဉ်တည်မြဲမည့် ဘုရားသခင်၏ကောင်းကင်နိုင်ငံသားများလည်း ဖြစ်ကြသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ထာဝရအသက်ကို ခံစားရရှိသူများ ဖြစ်သည်။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် သခင်ယေရှုကို ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံမှသာလျှင်၊ ထာဝရအသက်ကို ခံစားရရှိသူများဖြစ်ပါမည်။ ဤလောကသည် ကျွန်ုပ်တို့၏ ယာယီအိမ် ဖြစ်ပြီး၊ ကောင်းကင်နိုင်ငံတော်သည် ထာဝရအိမ် ဖြစ်ပါသည်။

၃။ သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်လည်ကြွလာတော်မူမည် ဆိုတာ အမှန်သေချာလား၊–

တခါတရံမှာ သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်လည်ကြွလာတော်မူမည့် အချိန်ဆိုတာ အလှမ်းဝေးကွာ၍၊ကြာလွန်းသည်ဟု ထင်ကောင်းထင်မိမည်။ သို့ရာတွင်၊ ပြန်လည်ကြွလာတော်မူလိမ့်မည်မှာ အမှန်ပင်ဖြစ်သည်။ သေချာပါသည်။ အချိန်နှင့် ပတ်သက်၍၊ ဘုရားသခင် သတ်မှတ်သည်နှင့် ကျွန်ုပ်တို့သတ်မှတ်ချက် မတူကြောင်းကို "ဘုရားသခင်၏ နေ့ရက်တစ်ရက်သည် ကျွန်ုပ်တို့၏ အနှစ်တစ်ထောင် ဖြစ်သည်"ဟုသမ္မာကျမ်းစာ၌၊ အတိအလင်း ဖေါ်ပြထားပါသည်။

သခင်ခရစ်တော် ဒုတိယအကြိမ်ပြန်လည်ကြွလာတော်မူမည့် အချိန်ကြာရခြင်းသည် ဘုရားသခင်၏ ဂရုဏာတော်ကြောင့်ပင်ဖြစ်သည်။ သခင်ခရစ်တော် ပြန်လည်ကြွလာတော်မူမည့် အချိန်ရွှေ့ဆိုင်းထားခြင်းသည် ဘုရားသခင်၏ ချွတ်ချော်မှု မဟုတ်ဘဲ၊ လူသားတွေ နောင်တရပြီး၊ သခင်ခရစ်တော်ကို ယုံကြည်လက်ခံနိုင်ရန် အချိန်နှင့် အခွင့် ပိုရခြင်း ဖြစ်ပေသည်။

သခင်ခရစ်တော်သည် မမျှော်လင့်သောအချိန်မှာ ရုတ်တရက် ပြန်လည်ကြွလာတော်မူမည်ဖြစ်သည်။ ထိုကြောင့် သခင်ခရစ်တော် ပြန်ကြွလာတော်မူမည်ကို လစ်လျူရှု၍၊ ရှောင်လွှဲထားရန် မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့အသက်တာသည် ပုံမှန်ပြေပစ်စွာရှိသော်လည်း ညအခါ၌ သူခိုးသည် အချိန်မတော် ရုတ်တရက် ဝင်ရောက်လာတတ်သကဲ့သို့ သခင်ခရစ်တော်သည် မမျှော်လင့်ထားသောအချိန်မှာ ကြွလာတော်မူ၍ ကမ္ဘာကြီးကို အဆုံးသတ်မှာ ဖြစ်သည်။

၄။ ကျွန်ုပ်တို့၏ စိတ်နေသဘောထားကို ချင့်ချိန်ပြင်ဆင်ရမည်။

သန့်ရှင်းခြင်း။ ။ကျွန်ုပ်တို့အားလုံးသည် ကြိုတင် ပြင်ဆင်ထားမှု ရှိရမည်။
ကုန်လုံးပြည့်စုံသော ခရစ်ယာန်အသက်တာဖြင့် အသက်ရှင်ရပါမည်။
ကိုယ်၊နှုတ်၊နှလုံး အစဉ်သန့်ရှင်းရမည်။ မိမိကြိုက်သလိုနှင့်ထင်သလို နေပြီး၊ နောက်ဆုံးကျမှ ချက်ချင်းပြုပြင်မည်ဟု လုပ်၍မရပါ။
ထိုကြောင့် သခင် ခရစ်တော် ပြန်လည်ကာကြွလာတော်မူမည့်အတွက် ခရစ်ယာန်အသက်တာကို စိတ်ဓါတ်နိုးကြား ၍၊ ထကြွစွာ ကျင့်ကြံနေထိုင် ရမည်။
မျှော်လင့်ခြင်း။ ။ကျွန်ုပ်တို့မှာ မျှော်လင့်ခြင်း စိတ်သဘောထား အစဉ်ရှိရမည်။
ကပ်ကမ္ဘာကုန်ဆုံးမည်ဆိုသည့် အကြောင်းအရာက ကြောက်စရာကောင်းသလို မျှော်လင့်ခြင်းဖြင့် ခွန်အားယူရမည်။ ဘုရားသခင်သည် ထာဝရနိုင်ငံတော် တည်ထောင်တော်မူမည့် အကြောင်းကို သိမှတ်စွဲလန်းလျက် မျှော်လင့်နေရမည်။

သက်သေခံခြင်း။ ။သခင်ခရစ်တော် ပြန်ကြွလာတော်မူဆဲအချိန်ကို ခရစ်ယာန်သက်သေခံခြင်း (**Christian witness**)ပြုရန် အခွင့်အရေးအဖြစ် လက်ခံလုပ်ဆောင်ရမည်။ (၂ပေ။ ၃း ၈–၁၅)တွင် ဖေါ်ပြထားသည့်အတိုင်း သခင်ခရစ်တော် ပြန်လည်ကြွလာတော်မူချိန် မကျရောက်သေးခြင်းသည် ခရစ်ယာန်သက်သေခံရန်နှင့် ကျေးဇူးတော်ကို လက်ခံနိုင်စေရန် အချိန်ပေးခြင်း ဖြစ်သည်။

သခင်ခရစ်တော် ကိုယ်တော်တိုင် မိမိပြန်လည်ကြွလာတော်မူမည်ကို ပြောခဲ့၍ ပြင်ဆင်မှုရှိကြရန် အကြိမ်ကြိမ် သတိပေးထားပါသည်။ ထိုအချိန်မှာ ကျွန်ုပ်တို့အားလုံးသည် သခင်ယေရှုခရစ်တော်ကို "ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်၊" အဖြစ်ဖူးမြင်ကြရမှာဖြစ်ပြီး၊ ပြင်ဆင်အသက်ရှင်သည့်အတိုင်း ရွှင်လန်းဝမ်းမြောက်ခြင်း ရှိကြကသော်လည်း၊ လျစ်လျူရှုကာ အသက်ရှင်သည့်အတွက် ကြေကွဲဝမ်းနည်းရသူတွေလည်းရှိကြမှာ ဖြစ်သည်။

သခင်ခရစ်တော်ပြန်လည်ကြွလာတော်မူမည့်အခါ၊ သင်ပျော်ရွှင်မှာလား?။
ဝမ်းနည်းကြေကွဲမှာလား?။
သင့်အတွက်နက်ဖြန်နေ့ရှိအုံးမှာလား?။

ယုံကြည်သူ ခရစ်ယာန်တိုင်းသည် သခင်ခရစ်တော်အားဖြင့် ထာဝရအသက်ကို ပိုင်ဆိုင်ရရှိထားပြီးဖြစ်သောကြောင့် ထာဝရဘုရားသခင်နှင့်အတူ အသက်ရှင်သွားရန် နက်ဖြန်နေ့သည် ထာဝစဉ်ရှိနေပါသည်။ ထာဝစဉ်ရှိနေဦးမည်။ ထာဝစဉ်ရှိနေပါလိမ့်မည်။ ❑

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# Learned About

I Have Learned that...

- The best classroom in the world is at the feet of an elderly person.
- When you're in love, it shows.
- Just one person saying to me, "You've made my day!" makes my day.
- Having a child fall asleep in your arms is one of the most peaceful feelings in the world.
- Being kind is more important than being right.
- You should never say no to a gift from a child.
- I can always pray for someone when I don't have the strength to help him in some other way.
- No matter how serious your life requires you to be, everyone needs a friend to act goofy with.
- Sometimes all a person needs is a hand to hold and a heart to understand.
- Simple walks with my father around the block on summer nights when I was a child did wonders for me as an adult.
- Life is like a roll of toilet paper. The closer it gets to the end, the faster it goes.
- We should be glad God doesn't give us everything we ask for.
- Money doesn't buy class.
- It's those small daily happenings that make life so spectacular.
- Under everyone's hard shell is someone who wants to be appreciated and loved.
- The Lord didn't do it all in one day. What makes me think I can?
- To ignore the facts does not change the facts.
- When you plan to get even with someone, you are only letting that person continue to hurt you.
- Love, not time, heals all wounds.
- The easiest way for me to grow as a person is to surround myself with people smarter than I am.
- Everyone you meet deserves to be greeted with a smile.
- There's nothing sweeter than sleeping with your babies and feeling their breath on your cheeks.
- No one is perfect until you fall in love with them.
- Life is tough, but I'm tougher.
- Opportunities are never lost; someone will take the ones you miss.
- When you harbor bitterness, happiness will dock elsewhere.
- I wish I could have told my Dad that I love him one more time before he passed away.
- One should keep his words both soft and tender, because tomorrow he may have to eat them.
- A smile is an inexpensive way to improve your looks.
- I can't choose how I feel, but I can choose what I do about it.
- When your newly born grandchild holds your little finger in his little fist, that you're hooked for life.
- Everyone wants to live on top of the mountain, but all the happiness and growth occurs while you're climbing it.
- It is best to give advice in only two circumstances; when it is requested and when it is a life threatening situation.
- The less time I have to work with, the more things I get done.

~~~~~~~~~~~~~~~~~~~~~~~~~~~~~~ ~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# Stand in awe of God

(Ecclesiastes 5 : 1-7)

Guard your steps when you go to the house of God.
Go near to listen rather than to offer the sacrifice of fools,
who do not know that they do wrong?
Do not be quick with your mouth;
do not be hasty in your heart to utter anything before God.
God is in heaven and you are on earth, so let your words be few.
As a dream comes when there are many cares,
so the speech of a fool when there are many words.
When you make a vow to God, do not delay in fulfilling it.
He has no pleasure in fools; fulfill your vow.
It is better not to vow than to make a vow and not fulfill it.
Do not let your mouth lead you into sin.
And do not protest to the temple messenger,
"My vow was a mistake."
Why should God be angry at what you say and destroy the work of your hands?
Much dreaming and many words are meaningless.
**Therefore stand in awe of God.**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~